**စာရိတ္တဆိုင်ရာ အထူးပညာရေး (SEE)**

၁။ သူငယ်တန်းမှ ဆဋ္ဌမတန်း ကလေးများအတွက် NSW အစိုးရကျောင်းအားလုံးတွင် တွေးခေါ်မှုဆိုင်ရာ စာရိတ္တသင်တန်းချိန်များ တက်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်ထားပါသည်။

၂။ စာရိတ္တ သင်တန်းချိန်များတွင် ကလေးများအား လေ့လာတွေ့ရှိချက်များအပေါ် မည်သို့ချင့်ချိန် အကဲဖြတ်ရမည်နှင့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် ကြောင်းကျိုးဆင်ခြင်ဉာဏ်ကို မည်သို့အသုံးချရမည် တို့ကို သင်ကြားပေးပါသည်။ Primary Ethics သည် NSW ပြည်နယ်အစိုးရမှ ယင်းသင်တန်းချိန်များအတွက် သင်ရိုးညွှန်းတမ်းထောက်ပံ့ပေးရန် တာဝန်ပေးထားသည့် အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။

၃။ စာရိတ္တ အတန်းများကို အပတ်စဉ်တိုင်း အထူးဘာသာရေးဆိုင်ရာ ပညာရေး (SRE) သင်တန်းချိန်နှင့် တစ်ချိန်တည်း သင်ကြားပေးပါသည်။ SRE ကို တစ်ခါတစ်ရံ ကျမ်းစာ သင်တန်းချိန် ဟုလည်း ခေါ်ဆိုကြပါသည်။ SRE (သို့မဟုတ်) SEE အတန်း တစ်ခုခုတွင် စာရင်းမသွင်းထားသော ကလေးများကို ယင်းအချိန်များအတွင်း ကြီးကြပ်ပေးထားမည်ဖြစ်သည်။

၄။ စာရိတ္တ အတန်းများကို စတင်သင်ကြားလိုသည်ဖြစ်စေ၊ သင့်ကျောင်းတွင် စာရိတ္တဆရာအဖြစ် စေတနာ့ဝန်ထမ်းပြုလုပ်လိုလျှင်ဖြစ်စေ အောက်ပါဝက်ဘ်ဆိုက်တွင် ဝင်ရောက်ကြည့်ရှုခြင်းအားဖြင့် အချက်အလက်များ ရရှိနိုင်ပါသည်-

www.primaryethics.com.au

(သို့မဟုတ်) info@primaryethics.com.au သို့ အီးမေးလ် ပေးပို့နိုင်ပါသည်။

၅။ သင့်ကလေးအား စာရိတ္တ အတန်းတွင် အပ်နှံလိုပါက ကျောင်းမှပေးသော ပါဝင်ခွင့်စာရွက်ပေါ်ရှိ စာရိတ္တဆိုင်ရာ အထူးပညာရေး ဇယားကွက်တွင် အမှန်ခြစ်ပေးပါ (သို့မဟုတ်) ဤပုံစံစာရွက်ကို ဖြည့်စွက်ပြီး ကျောင်းရုံးခန်းသို့ ပြန်လည်ပေးပို့ခြင်းဖြင့် ဆောင်ရွက်နိုင်ပါသည်။ ငွေပေးသွင်းရန် မလိုပါ။

---

*ကျွန်ုပ်သည် အထူးဘာသာရေးဆိုင်ရာ ပညာရေး အတန်း (SRE) ကို ငြင်းပယ်ပြီး ကျွန်ုပ်၏ကလေးအား စာရိတ္တဆိုင်ရာ အထူးပညာရေး အတန်း (SEE) ကို တက်ရောက်စေလိုပါသည်။*

*ကျောင်းသား အမည်၊* ________________________________ *ပညာသင်နှစ်၊* ____________________

*မိဘ/စောင့်ရှောက်သူ လက်မှတ်၊* ____________________________ *နေ့စွဲ၊* ____________________